ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

## အဘိဓမ္မပိဋက

## ဓမ္မသင်္ဂဏီကျမ်း

# တိကမာတိကာ

## ပါဠိတော်/အနက်

ဦးတင်ဝင်း (ဒိုက်ဦး - သုံးခွ) ၏ မာတိကာမှတ်စုစာအုပ်မှ
ကောက်နှုတ်ဖော်ပြပါသည်။

## အဘိဓမ္မပိဋက

## ဓမ္မသင်္ဂဏီကျမ်း

# တိကမာတိကာ

## ပါဠိတော်/အနက်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# <u>တိကမာတိကာ</u>

( ၁ )

**ကုသလာ ဓမ္မာ။** အနဝဇ္ဇ သုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုး ကိုပေးခြင်း လက္ခဏာရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အကုသလာ ဓမ္မာ။** သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ၊ အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသောအကျိုး ကိုပေးခြင်း လက္ခဏာရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အဗျာကတာ ဓမ္မာ။** ကုသိုလ်၊ အကုသိုလ်တို့၏ အဖြစ်အားဖြင့် မဟောကြား အပ်ကုန်သော၊ တပါး သောအဖြစ်အားဖြင့်သာဟောကြားအပ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တ လည်း မဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရား တို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၂ )

**သုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။** သုခဖြစ်သောဝေဒနာနှင့်အညီအညွတ် ကေုပ္ပါဒ အစရှိ သော အပြားတို့ဖြင့် ယှဉ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝ လည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဒုက္ခာယဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ။** ဒုက္ခဖြစ်သောဝေဒနာနှင့် အညီအညွတ် ကေုပ္ပါဒ အစရှိ သော အပြားတို့ဖြင့် ယှဉ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝ လည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အဒုက္ခ မသုခါယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ** ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော (ဝါ) ဒုက္ခမှလည်းတစ်ပါး, သုခမှလည်းတစ်ပါးသော၊ အညီအညွတ် ကေုပ္ပါဒ အစရှိ သော အပြားတို့ဖြင့် ယှဉ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

## ( ၃ )

**ဝိပါကာ ဓမ္မာ။** အချင်းချင်းထူးကုန်သော၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဝိပါကဓမ္မဓမ္မာ။** အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**နေဝဝိပါကနဝိပါကဓမ္မဓမ္မာ။** အချင်းချင်း ထူးကုန်သော၊ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်၊ အကျိုးကိုဖြစ်စေခြင်းသဘော ရှိသည်လည်းမဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

## ( ၄ )

**ဥပါဒိန္နုပါဒါနိယာ ဓမ္မာ။** အာရုံပြုသောအားဖြင့် တဏှာ၊ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်ကုန်သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွား ဖြစ်ကုန် သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနုပါဒိန္နုပါဒါနိယာ ဓမ္မာ။** အာရုံပြုသောအားဖြင့် တဏှာ၊ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး ၏ အဖြစ်ဖြင့် မယူအပ်ကုန် သည်ဖြစ်၍ ဥပါဒါန်တို့၏ အစီးအပွားသာ ဖြစ်ကုန် သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ်ကုန် သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနုပါဒိန္နအနုပါဒါနိယာ ဓမ္မာ။** အာရုံပြုသောအားဖြင့် တဏှာ၊ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ယူအပ်သည်လည်း မဟုတ်၊ ဥပါဒါန် တို့၏ အစီးအပွားလည်း မဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရား တို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၅ )

**သံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။** ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ တို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ပူပန်စေတတ်နှိပ်စက်တတ် သောကိလေ သာတို့ကိုရခြင်းငှာ ထိုက်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အသံကိလိဋ္ဌသံကိလေသိကာ ဓမ္မာ။** ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ် နှိပ်စက်အပ်ကုန်သည် မဟုတ်ကုန်သည်ဖြစ်၍ ပူပန်စေတတ်နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှာ ထိုက်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သောသဘော တရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အသံကိလိဋ္ဌအသံကိလေသိ ကာ ဓမ္မာ။** ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာတို့သည် ပူပန်စေအပ်နှိပ်စက်အပ်ကုန်သည်လည်းမဟုတ်၊ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာကိုရခြင်းငှာထိုက်သည်လည်း မဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၆ )

**သဝိတက္ကသဝိစာရာ ဓမ္မာ။** ဝိတက်နှင့်လည်းတကွ, ဝိစာရနှင့်လည်းတကွဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အဝိတက္ကဝိစာရမတ္တာ ဓမ္မာ။** ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အဝိတက္ကအဝိစာရာ ဓမ္မာ။** ဝိတက်လည်းမရှိ, ဝိစာရလည်းမရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘော တရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန် ၏။

( ၇ )

**ပီတိသဟဂတာ ဓမ္မာ။** ပီတိနှင့်တကွဖြစ်ကုန်သော၊ (ဝါ) ပီတိနှင့် ကေုပ္ပါဒ အစရှိ သော အစွမ်းဖြင့် နှီးနှောကုန်သော၊ (ဝါ) ပီတိနှင့်ကေုပ္ပါဒ အစရှိသောအဖြစ်သို့ ရောက် ကုန် သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**သုခသဟဂတာ ဓမ္မာ။** သုခဝေဒနာနှင့် တကွဖြစ် ကုန်သော၊ (ဝါ) သုခဝေဒနာနှင့် ကေုပ္ပါဒ အစရှိသောအစွမ်းဖြင့် နှီးနှောကုန် သော၊ (ဝါ) သုခဝေဒနာနှင့် ကေုပ္ပါဒ အစရှိ သော အဖြစ်သို့ရောက်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တလည်း မဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဥပေက္ခာသဟဂတာ ဓမ္မာ။** ဥပေက္ခာဝေဒနာနှင့်တကွဖြစ်ကုန်သော၊ (ဝါ) ဥပေက္ခာ ဝေဒ နာနှင့်ကေုပ္ပါဒအစရှိသောအစွမ်းဖြင့် နှီးနှောကုန်သော၊ (ဝါ) ဥပေက္ခာဝေဒနာ နှင့်ကေုပ္ပါဒ အစရှိသောအဖြစ်သို့ရောက်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝ သ ဘာဝါ၊ သတ္တ လည်းမ ဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၈ )

**ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ။** သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘော တရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။** အထက်မဂ်သုံးခုသည် ပယ်အပ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ။** သောတာပတ္တိမဂ်သည် ပယ်အပ်ကုန် သည်လည်း မဟုတ်၊ ထက်မဂ်သုံးခုသည် ပယ်အပ်ကုန် သည်လည်းမဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တလည်း မဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၉ )

**ဒဿနေနပဟာတဗ္ဗဟေတုကာ ဓမ္မာ။** သောတာပတ္တိမဂ်သည် ပယ်အပ်သောယှဉ်ဘက်

သမ္ပယုတ်ဟိတ်ရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တလည်းမဟုတ် ဇီဝ လည်းမဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။** အထက်မဂ်သုံးခုသည် ပယ်အပ်သော ယှဉ်ဘက် သမ္ပယုတ်ဟိတ်ရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်း မဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**နေဝဒဿနေန န ဘာဝနာယ ပဟာတဗ္ဗဟေတုကာ ဓမ္မာ။** သောတာပတ္တိမဂ်သည် ပယ်အပ် သော ယှဉ်ဘက်သမ္ပယုတ်ဟိတ် ရှိသည်လည်း မဟုတ်၊ အထက်မဂ် သုံးခု သည် ပယ်အပ် သောယှဉ်ဘက် သမ္ပယုတ် ဟိတ် ရှိသည် လည်း မဟုတ် ကုန် သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်း မဟုတ် ဇီဝလည်း မဟုတ် ကုန် သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၀ )**

**အာစယဂါမိနော ဓမ္မာ။** စုတိ, ပဋိသန္ဓေသို့ရောက်ကြောင်းဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘော တရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အပစယဂါမိနော ဓမ္မာ။** နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီ ဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**နေဝါစယဂါမိ နာပစယဂါမိနော ဓမ္မာ။** စုတိ, ပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်, နိဗ္ဗာန်သို့ ရောက်ကြောင်းလည်းမဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၁ )**

**သေက္ခာ ဓမ္မာ။** သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏ ဥစ္စာဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီ ဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အသေက္ခာ ဓမ္မာ။** ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်သော, **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ

ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်းမဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**နေဝသေက္ခနာသေက္ခာ ဓမ္မာ။** သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏ဉစ္စာလည်းမဟုတ်, ရဟန္တာပုဂ္ဂိုလ်တို့၏ဉစ္စာလည်း မဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

## ( ၁၂ )

**ပရိတ္တာ ဓမ္မာ။** နည်းသော အာနုဘော်ရှိကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**မဟဂ္ဂတာ ဓမ္မာ။** မြတ်သည်၏အဖြစ်သို့ရောက်ကုန်သော၊ (ဝါ) မြတ်ကုန်သောဈာန လာဘီပုဂ္ဂိုလ်တို့သည်ရောက်အပ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အပ္ပမာဏာ ဓမ္မာ။** နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ရာဂအစရှိသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

## ( ၁၃ )

**ပရိတ္တာရမ္မဏာ ဓမ္မာ။** ပရိတ္တတရားလျှင် အာရုံရှိကုန်သော၊ (ဝါ) ပရိတ္တတရားကို အာ ရုံပြုကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**မဟဂ္ဂတာရမ္မဏာ ဓမ္မာ။** မဟဂ္ဂုတ်တရားလျှင်အာရုံရှိကုန်သော၊ (ဝါ) မဟဂ္ဂုတ် တရား ကို အာရုံပြုကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အပ္ပမာဏာရမ္မဏာ ဓမ္မာ။** အပ္ပမာဏတရားလျှင်အာရုံရှိကုန်သော၊ (ဝါ) အပ္ပမာဏ တရားကို အာရုံပြုကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်း မဟုတ်

ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၄ )**

**ဟီနာ ဓမ္မာ။** ယုတ်ကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**မဇ္ဈိမာ ဓမ္မာ။** အလတ်ဖြစ်ကုန်သော၊ (ဝါ) အယုတ်, အမြတ်တို့၏အလယ်၌ ဖြစ်ကုန် သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ပဏီတာ ဓမ္မာ။** မြတ်ကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၅ )**

**မိစ္ဆတ္တနိယတာ ဓမ္မာ။** ဖောက်ပြန်သောသဘောရှိကုန်သည်ဖြစ်၍၊ စုတိအခြားမဲ့၌ အကျိုး ပေးသည်၏အစွမ်းဖြင့် မြဲကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**သမ္မတ္တနိယတာ ဓမ္မာ။** မဖောက်ပြန်သောသဘောရှိကုန်သည်ဖြစ်၍၊ မိမိ၏အခြားမဲ့ ၌ အကျိုးပေးသည်၏ အစွမ်းဖြင့် မြဲကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန် ၏။

**အနိယတာ ဓမ္မာ။** နှစ်ပါးသော အခြင်းအရာတို့ဖြင့် မမြဲကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၆ )**

**မဂ္ဂါရမ္မဏာ ဓမ္မာ။** မဂ်လျှင်အာရုံရှိကုန်သော၊ (ဝါ) မဂ်ကို အာရုံပြုကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘော တရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**မဂ္ဂဟေတုကာ ဓမ္မာ။** မဂ်ဟုဆိုအပ်သော အကြောင်းရှိကုန်သော (တစ်နည်း) မဂ်နှင့် ယှဉ်သောဟိတ်ရှိကုန်သော (တစ်နည်း) မဂ်၌တည်သောဟိတ်ရှိကုန်သော

**ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**မဂ္ဂါဓိပတိနော ဓမ္မာ။** မဂ်ဟုဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်းရှိကုန်သော (တစ်နည်း) မဂ်ဟုဆိုအပ်သော သဟဇာတာဓိပတိပစ္စည်းရှိကုန်သော (တစ်နည်း) မဂ်လျှင် သဟဇာတာဓိပတိပစ္စည်းဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၇ )**

**ဥပ္ပန္နာ ဓမ္မာ။** ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနုပ္ပန္နာ ဓမ္မာ။** ဥပါဒ်, ဌီ, ဘင် ဟုဆိုအပ်သော ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်, ရောက်ဆဲလည်းမဟုတ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည် သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဥပ္ပါဒိနော ဓမ္မာ။** ပြီးပြီးသောအကြောင်းတစ်စိတ်ရှိသည်၏အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**( ၁၈ )**

**အတီတာ ဓမ္မာ။** အတိတ်ဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနာဂတာ ဓမ္မာ။** အနာဂတ်ဖြစ်ကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ပစ္စုပ္ပန္နာ ဓမ္မာ။** ပစ္စုပ္ပန်ဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၁၉ )

**အတီတာရမ္မဏာ ဓမ္မာ။** အတိတ်တရားလျှင်အာရုံရှိကုန်သော၊ (ဝါ) အတိတ်တရားကို အာရုံပြုကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနာဂတာရမ္မဏာ ဓမ္မာ။** အနာဂတ်တရားလျှင်အာရုံရှိကုန်သော၊ (ဝါ) အနာဂတ်တရားကို အာရုံပြုကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ပစ္စုပ္ပန္နာရမ္မဏာ ဓမ္မာ။** ပစ္စုပ္ပန်တရားလျှင်အာရုံရှိကုန်သော၊ (ဝါ) ပစ္စုပ္ပန်တရားကို အာရုံပြုကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၂၀ )

**အဇ္ဈတ္တာ ဓမ္မာ။** အဇ္ဈတ္တသန္တာန်၌ ဖြစ်ကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဗဟိဒ္ဓါ ဓမ္မာ။** ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အဇ္ဈတ္တဗဟိဒ္ဓါ ဓမ္မာ။** အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ဖြစ်ကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

( ၂၁ )

**အဇ္ဈတ္တာရမ္မဏာ ဓမ္မာ။** အဇ္ဈတ္တတရားလျှင် အာရုံရှိကုန်သော၊ (ဝါ) အဇ္ဈတ္တတရား ကို အာရုံပြုကုန်သော **ဓမ္မာ၊** နိဿတ္တ နိဇ္ဇီဝသ ဘာဝ၊ သတ္တ လည်း မဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**ဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။** ဗဟိဒ္ဓတရားလျှင် အာရုံရှိကုန်သော၊ (ဝါ) ဗဟိဒ္ဓတရားကိုအာ ရုံပြု ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန် သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အဇ္ဈတ္တဗဟိဒ္ဓါရမ္မဏာ ဓမ္မာ။** အဇ္ဈတ္တ, ဗဟိဒ္ဓတရားနှစ်ပါးလျှင် အာရုံရှိကုန်သော၊ (ဝါ) အဇ္ဈတ္တ, ဗဟိဒ္ဓတရားနှစ်ပါးကို အာရုံပြုကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန် ၏။

## ( ၂၂ )

**သနိဒဿနသပ္ပဋိဃာ ဓမ္မာ။** မြင်ခြင်းနှင့်လည်းတကွ၊ ထိပါးခြင်းနှင့်လည်းတကွ၊ ဖြစ် ကုန် သော၊ (ဝါ) မြင်အပ်သည်၏အဖြစ်နှင့်လည်းတကွ၊ ထိပါးတတ်သည်၏ အဖြစ်နှင့် လည်း တကွဖြစ်ကုန်သော၊ (ဝါ) မြင်အပ်သည်နှင့်လည်းတကွ၊ ထိပါးတတ် သည်နှင့် လည်း တကွ ဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်း မဟုတ် ဇီဝ လည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနိဒဿနသပ္ပဋိဃာ ဓမ္မာ။** မြင်ခြင်းကားမရှိ၊ ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော၊ (ဝါ) မြင်အပ်သည်၏အဖြစ်မရှိ၊ ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်ကုန်သော၊ (ဝါ) မြင် အပ်သည်မရှိ၊ ထိပါးတတ်သည်နှင့်တကွဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တ လည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

**အနိဒဿနအပ္ပဋိဃာ ဓမ္မာ။** မြင်ခြင်းလည်းမရှိ၊ ထိပါးခြင်းလည်းမရှိကုန်သော၊ (ဝါ) မြင်အပ် သည်၏အဖြစ်လည်းမရှိ၊ ထိပါးတတ်သည်၏အဖြစ်လည်း မရှိကုန်သော၊ (ဝါ) မြင်အပ် သည်လည်းမရှိ၊ ထိပါးတတ်သည်လည်းမရှိ၊ ဖြစ်ကုန်သော **ဓမ္မာ**၊ နိဿတ္တ နိဇ္ဇီဝသ ဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့ သည်၊ သံဝိဇ္ဇန္တိ ရှိကုန်၏။

# ဩဝါဒပါတိမောက်

(အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမတော်)

**ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။**

**န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။**

လွန်စွာ ချုပ်တည်း သည်းခံခြင်းသည် မြတ်သောအကျင့်မည်၏။

နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ဟောတော်မူကုန်၏။

သူတပါးကို သတ်သောသူသည် စိတ်အညစ်အကြေးကို နှင်ထုတ်သူမဟုတ်။

သူတပါးကို ညှင်းဆဲသောသူသည် မကောင်းမှုတို့ကို ငြိမ်းစေသူမဟုတ်။

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။**

**သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

မကောင်းမှုဟူသမျှကို မပြုလုပ်ရာ။

ကောင်းမှုဟူသမျှကို ပြည့်စုံစေရာ၏။

မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။

**အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော၊**

**မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ၊**

**အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါနသာသနံ။**

သူတစ်ပါးကို မစွပ်စွဲ မပြစ်မှားရာ။

သူတစ်ပါးကို မညှင်းဆဲ မနှိပ်စက်ရာ။

မြတ်သောသီလ၌ စောင့်စည်းလုံခြုံစေရာ၏။

စားသုံးဖွယ်၌ အတိုင်းအရှည်ကို သိရာ၏။

အစွန်အဖျား ကျောင်းအိပ်ရာ၌ နေရ၏။

ထူးမြတ်သောစိတ်၌ လွန်စွာအားထုတ်ရာ၏။

ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

# အဘိဓမ္မပိဋက

# ဓမ္မသင်္ဂဏီကျမ်း

# တိကမာတိကာ

# ပါဠိတော်/အနက်

အဘိဓမ္မာသင်ယူသူများအဖွဲ့ (သြစတြေးလျ) မှဓမ္မဒါနအဖြစ်ထုတ်ဝေပါသည်။